တံပ်အွံရိုပ်ပိုန်လောတ်ကပိုန်တအာင်း

**Palaung State Liberation Front**

## တအာင်းလူထုအားဦးတည်တိုက်ခိုက်ပြီး တိုက်ပွဲအရှိန်မြှင့်လိုသည့် မြန်မာ့တပ်မတော်၏ စစ်ဝါဒီလုပ်ရပ်အပေါ်
## ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး၏ သဘောထားထုတ်ပြန်ချက်

**သဘောထားထုတ်ပြန်ချက်အမှတ် (၅/၂၀၁၆)**

**၁၁ ရက်၊ မတ်လ၊ ၂၀၁၆ ခုနှစ်**

ကျောက်မဲ၊ မိုးမိတ်၊ မိုးကုတ်၊ နမ့်ဆန်၊ မန်တုံ၊ နမ္မတူ၊ နမ့်ခမ်း၊ ကွတ်ခိုင် အစရှိသည့်တအာင်းဒေသတွင်းသို့ မြန်မာ့တပ်မတော်မှ ထိုးစစ်အရှိန်ပိုမိုမြှင့်တင်ရန်အလို့ငှာ အပြစ်မဲ့လူထုများအား ဦးတည်တိုက်ခိုက်ခြင်းများပြုလုပ်နေသည်ကို ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး PSLF/TNLA က အပြင်းအထန်ကန့်ကွက်ရှုတ်ချလိုက်ပါသည်။

မြန်မာ့တပ်မတော်သည် ရှမ်းပြည်မြောက်ပိုင်းသို့ စစ်လက်နက်များ၊ ဝန်တင်မြင်းများ၊ စစ်အင်အားများအပြည့်တင်ဆောင်ထားသည့် စစ်ကားအစီး ၅၀၀ ကျော်ဆက်တိုက်တင်ပို့ပြီးနောက် မိမိတို့တအာင်းတပ်မတော်လှုပ်ရှားရာတောင်တန်းများဆီသို့ ဆက်တိုက်ချီတက်ကာ မြေလှန်ရှင်းလင်းရေးများဆက်တိုက်ပြုလုပ်လာပါသည်။

P.S.L.F/T.N.L.A သည် ယခုကဲ့သို့ အကဲဆတ်သည့်နိုင်ငံရေးအကူးအပြောင်းကာလတွင် တိုက်ပွဲအရှိန်မြင့်မားခြင်းကြောင့် နိုင်ငံရေးတိုးတက်ပြောင်းလဲမှုအပေါ် ဟန့်တားနှောင့်ယှက်မှုများ မဖြစ်ရလေအောင် စစ်ရေးကိစ္စရပ်များကို သတိကြီးစွာဖြင့် ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာ့တပ်မတော်မှ အဆမတန်များပြားလှသည့် အင်အားဖြင့် ထိုးစစ်မည်မျှပင်ဆင်လာစေကာမူ မိမိကိုယ်ကိုလိုအပ်သည့်ခုခံကာကွယ်ခြင်းမှတပါး တိုက်ပွဲထိတွေ့မှုများ အတတ်နိုင်ဆုံးရှောင်ရှားရန်၊ လျော့ချရန် အောက်ခြေရှိ တပ်ရင်းတပ်ဖွဲ့အသီးသီးကို အဆင့်ဆင့်ညွှန်ကြားထားပြီးဖြစ်ပါသည်။

မိမိတို့ တအာင်းတပ်မတော်၏ ပြောက်ကျားစစ်ကို လိုက်လံချေမှုန်းရန်ခက်ခဲသည့်အခြေအနေတွင် တအာင်းဒေသအတွင်းတိုက်ပွဲများ ပိုမိုပြင်းထန်ရန်အတွက် တအာင်းဒေသခံလူထုကို ဦးတည်တိုက်ခိုက်မှုများပြုလုပ်လာပါသည်။ မြန်မာ့တပ်မတော်သည် လူနေရွာများကိုဦးတည်ပြီး ၈၀ မမ၊ ၁၀၅ မမ၊ ၁၂၀ မမ အစရှိသည့်လက်နက်ကြီးများဖြင့် ပစ်သွင်းခြင်း၊ လူနေအိမ်များကိုမွှေနှောက်ရှာဖွေခြင်း၊ အိမ်မီးရှို့ခြင်း၊ ဒေသခံလူထုများ၏ ဥစ္စာပစ္စည်းများ လုယက်ယူငင်ခြင်း၊ ဖျက်ဆီးခြင်း၊ ဒေသခံလူထုအား သေနတ်ဖြင့်ပစ်ခတ်ခြင်း၊ ဖမ်းဆီးနှိပ်စက်ခြင်း အစရှိသည့် လူ့အခွင့်အရေးချိုးဖောက်မှုအမျိုးမျိုးကို မင်းမဲ့စရိုက်ဆန်စွာ ကျူးလွန်ချိုးဖောက်နေကြပါသည်။

မြန်မာ့တပ်မတော်သည် တအာင်းတပ်မတော်တပ်ဖွဲ့များရှိမည်ဟု ယူဆသည့်တောတောင်များဆီသို့ များပြားသည့်စစ်ကြောင်းများ အပြင်းချီတက်ထိုးစစ်ဆင်ခြင်း၊ လက်နက်ကြီးများအလွန်အကျွံပစ်ခတ်ခြင်း၊ လေကြောင်းစစ်ဆင်ရေးများ ပြုလုပ်ခြင်း အစရှိသည့် စစ်အရှိန်မြှင့်လိုသည့် စစ်ဝါဒီလုပ်ရပ်များပြုလုပ်နေပါသည်။ မြန်မာ့စစ်ခေါင်းဆောင်များ၏ မြန်မာ့နိုင်ငံရေးတွင် စစ်တပ်အာဏာကြီးစိုးလိုမှု စစ်ဝါဒီကြောင့် မြန်မာ့တပ်မတော်၏ အောက်ခြေတပ်ဖွဲ့ဝင်များမှာ မတ်လပထမပတ်ကာလအတွင်းတွင်ပင် မိမိတို့တအာင်းဒေသတွင် အသက်ရာပေါင်းများစွာ ဆုံးရှုံးခဲ့ကြရပါသည်။

ထို့ကြောင့် မကြာမီပေါ်ပေါက်လာတော့မည့် အရပ်သားအစိုးရသစ်လက်ထက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးကိစ္စများ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများအမှန်တကယ် ဆောင်ရွက်နိုင်ရန်အတွက် လက်ရှိ မြန်မာ့တပ်မတော်၏စစ်ရေးဖန်တီးမှုများကို နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများအနေဖြင့် ကြီးမားသည့်သတိထားရှိကြရန်နှင့် မြန်မာ့နိုင်ငံရေးလုပ်ဆောင်မှုများကို အချိန်ကိုက် စုပေါင်းလုပ်ဆောင်ကြရန် တိုက်တွန်းနှိုးဆော်ရင်း ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး-PSLF/TNLA ၏ သဘောထားကို ထုတ်ပြန်ကြေညာလိုက်ပါသည်။

**"ဘုံပ်ဘိုန် ကုင်တအာင်း"**

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**

**ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး P.S.L.F / T.N.L.A**